# ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရ

## စိုက်ပျိုးရေး၊ မွေးမြူရေး နှင့် ဆည်မြောင်းဝန်ကြီးဌာန

## ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန

## ဖားဆောင်း၊ ဘောလခဲ၊ မယ်စဲ့မြို့နယ်၊ ကယားပြည်နယ်

CDD

## လူထုဗဟိုပြုစီမံကိန်း

## National Community Driven Development Project

## (NCDDP)




## ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် (၂၀၁၉ - ၂၀၂၀)

## Village Development Plan (VDP)

## ဆွပ်ဖ ကျေးရွာ၊ ဂမ်ဒအောင်းကျေးရွာအုပ်စု၊ ဖားဆောင်းမြို့နယ်

**မာတိကာ**

၁။ ဖားဆောင်း မြို့နယ်မြေပုံ

၂။ ဆွပ်ဖ ကျေးရွာမြေပုံ

၃။ ကျေးရွာအုပ်စုတွင်ပါဝင်သော ကျေးရွာစာရင်းများ

၄။ ကျေးရွာအခြေခံအချက်အလက်များ (ကျေးရွာသမိုင်းကြောင်း)

၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့်အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်ဇယား

၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုခဲ့သော PRA tools များနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ

၇။ ကော်မတီဝင်များ ရွေးချယ်ခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ဆောင်ရွက်မှုမှတ်တမ်း ဓါတ်ပုံများ

၈။ ကျေးရွာအခြေခံအချက်အလက် (ပုံစံ-၁)


၉။ စီမံကိန်းစက်ဝန်း အချိန်ဇယား (ပုံစံ-၂)

၁၀။ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (ပုံစံ-၃)

၁၁။ အစည်းအဝေးမှတ်တမ်းများ

၁၂။ ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

## ၁။ ဖားဆောင်း- မြို့နယ်မြေပုံ



## ၂။ ဆွပ်ဖ ကျေးရွာမြေပုံ




## ၃။ ကျေးရွာအုပ်စုတွင်ပါဝင်သော ကျေးရွာစာရင်းများ

| စဉ် | ကျေးရွာအမည် | အိမ်ထောင်စု အရေအတွက် | လူဦးရေစာရင်း | | |
|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း |
| ၁။ | ဆွပ်ဖ | ၂၃ | ၅၇ | ၃၇ | ၉၄ |
| ၂။ | ဝမ်အောင်း (ရှမ်း) | ၂၀ | ၅၄ | ၄၂ | ၉၆ |
| ၃။ | ကျောက်ပဲညို | ၁၄ | ၃၃ | ၃၃ | ၆၆ |
| ၄။ | ဝမ်အောင်း(ကယား) | ၁၀၆ | ၂၄၇ | ၃၀၈ | ၅၅၅ |
| | **စုစုပေါင်း** | **၁၆၃** | **၃၉၁** | **၄၂၀** | **၈၁၁** |

## ၄။ ကျေးရွာအခြေခံအချက်အလက်များ (ကျေးရွာသမိုင်းကြောင်း)

ကယားပြည်နယ်၊ ဘောလခဲခရိုင်၊ ဖာဆောင်းမြို့နယ်၊ ဂမ်အောင်းကျေးရွာအုပ်စုရှိ ဆွပ်ဖကျေးရွာသည် သံလွင်မြစ်၏ အရှေ့ဘက်ကမ်းတွင်တည်ရှိပြီး အိမ်ခြေ (၂၃) လုံးရှိကာ လူဦးရေအားဖြင့် ကျား(၅၇)ဦး၊ မ(၃၇)ဦး၊ စုစုပေါင်း (၉၄)ဦး နေထိုင်ကြကာ ကယားမျိုးနွယ်စုနှင့် ကယန်းမျိုးနွယ်စုများဖြစ်ပြီး ဗုဒ္ဓဘာသာနှင့် ခရစ်ယာန်ဘာသာကို ကိုးကွယ်ယုံကြည်ကြပါသည်။ ဆွပ်ဖကျေးရွာတည်ထောင်ခဲ့သည့် ခုနှစ်ကို အတိအကျမသိသော်လည်း ယခင်ဆွပ်ဖရွာမတည်ခင် ကတည်းက ထိုနေရာတွင် သချိုင်းဟောင်း တစ်ခုရှိခဲ့ပါသည်။ ဆွပ်ဖကျေးရွာသည် ယခင်ကန္တားမှောင်ခို ရောင်းဝယ်ရေးနေရာ ဖြစ်ခဲ့သည်။ ရောင်းဝယ်ရေးစခန်းတွင် ဈေးလာရောင်းသူများမှ ရွာတည်ထားကြခြင်းဖြစ်ပါသည်။ ထို့အပြင် ဆွပ်ဖကျေးရွာတွင် နေထိုင်သော လူများသည် ဒေသခံများမဟုတ်ပဲ အခြားမှလာ၍ ကူးသန်းရောင်းဝယ်ရေး လုပ်ကိုင်ရာမှ အိမ်ယာများ ဆောက်လုပ်ကာ လက်ရှိအချိန်အထိ နေထိုင်နေကြလေသည်။

ကျေးရွာပြည်သူများ၏ အဓိက အသက်မွေးဝမ်းကျောင်းမှာ တောင်ယာစိုက်ပျိုးခြင်းဖြစ်ပြီး နှမ်း၊ ပြောင်း ဧရာတ်တို့ စိုက်ပျိုးကြပါသည်။ ယင်းလုပ်ငန်းဖြင့် အသက်မွေးကျောင်းပြုနေကြသော်လည်း မြေဆီလွှာမကောင်းသည့်အတွက် တစ်နှစ်စာ စားသောက်ရန်ဖူလုံမှုမရှိပါ။ ယင်းကျေးရွာသည် မယ်စဲ့မြို့နယ်ရှိ ကျောက်စုကျေးရွာလမ်းခွဲမှ ဆက်လက်သွားလာ ရသည့်အပြင် မြေသားလမ်းသာဖြစ်သည့်အတွက် မိုးရာသီတွင် ချောင်းရေများ ကြီးခြင်း၊ ဗွက်ထခြင်းများကြောင့် လမ်းပန်းဆက်သွယ်ရေး ခက်ခဲလှပါသည်။


ထို့အပြင် ဆွပ်ဖကျေးရွာတွင် စာသင်ကျောင်း၊ ကျေးလက်ဆေးပေးခန်းနှင့် ဘာသာရေးဆိုင်ရာ အဆောက်အဦးများလည်း မရှိသည့်အတွက် ကျေးရွာနေပြည်သူများအနေဖြင့် ကျန်းမာရေး၊ ပညာရေးနှင့် ဘာသာရေးတွင် လက်လှမ်းမီမှု မရှိချေ။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်၊ လူထုဗဟိုပြုစီမံကိန်း (ဒုတိယနှစ်စက်ဝန်း) မှ ကျေးရွာလူထုအားလုံး၏ ဆွေးနွေးဖော်ထုတ်ချက်အရ ရပ်ရေးရွာရေး ကိစ္စများ ဆွေးနွေးရန်နှင့် လူမှုရေးဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ရည်ရွယ်ပြီး ကျေးရွာခန်းမဆောင် ဆောက်လုပ်ပေးခဲ့ပါသည်။

## ၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့်အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်ဇယား

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | က | မ | ပေါင်း | |
| ၁။ | လူမှုရေးနှင့် အရင်း အမြစ်ပြမြေပုံ | ၂.၁၀. ၂၀၁၉ | အမျိုးသား၊ အမျိုးသမီး နှင့်စေတနာ့ ဝန်ထမ်း | ၇ | ၇ | ၁၄ | ရွာမှာရှိတဲ့အရင်းအမြစ်တွေသယံဇာတ၊ အဆောက်အဦ၊ တောင်ယာများ စသည်တို့ကို ကွင်းကွင်းကွက်ကွက် မြင်အောင် ဆွေးနွေးခြင်း ဖြစ်သည်။ |
| ၂။ | ဥစ္စာဓနပိုင် ဆိုင်မှုအဆင့် သတ်မှတ် ချက် | ၂.၁၀. ၂၀၁၉ | အမျိုးသား၊ အမျိုးသမီး နှင့်စေတနာ့ ဝန်ထမ်း | ၇ | ၇ | ၁၄ | ကျေးရွာအတွင်းရှိ မိသားစုများ၏ ပိုင်ဆိုင်မှု စံနှုန်းများသတ်မှတ်ကာ စံနှုန်း အပေါ် အခြေခံ ပြီး လူနေမှု အဆင့်အတန်းများသတ်မှတ်ခြင်း။ |
| ၃။ | ပိုင်ဆိုင်မှု သုံးသပ်ခြင်း | ၂.၁၀. ၂၀၁၉ | အမျိုးသား၊ အမျိုးသမီး နှင့်စေတနာ့ ဝန်ထမ်း | ၇ | ၇ | ၁၄ | ကျေးရွာနယ်နမိတ်အတွင်းရှိ သဘာဝ အရင်း အမြစ်များအပေါ် အမျိုးသမီးများ နှင့်အမျိုးသား များ၏ သုံးစွဲမှုနှင့် ထိန်းချုပ်မှုများ အား ဖော်ထုတ်ခြင်း |
| ၄။ | ရာသီခွင်ပြ ဇယား | ၂.၁၀. ၂၀၁၉ | အမျိုးသား၊ အမျိုးသမီး နှင့်စေတနာ့ ဝန်ထမ်း | ၇ | ၇ | ၁၄ | အမျိုးသား၊ အမျိုးသမီးများ၏ ရရှိသော အခွင့်အရေးများအား နှိုင်းယှဉ်ပြီး မှတ်တမ်း တင်ခြင်း။ |
| ၅။ | ကျား-မ အခန်း ကဏ္ဍသုံး သပ်ခြင်း | ၂.၁၀. ၂၀၁၉ | အမျိုးသား၊ အမျိုးသမီး နှင့်စေတနာ့ ဝန်ထမ်း | ၇ | ၇ | ၁၄ | ကျေးရွာအတွင်းရှိ မိသားစုများ၏ ရာသီ အလိုက် ဆောင်ရွက်သော လုပ်ငန်းများ၊ ပွဲလန်းသဘင်များ၊ ရိုးရာဓလေ့များ၊ နှင့် အားလပ်မည့် ရာသီများအား ဖော်ထုတ်ခြင်း။ |
| ၆။ | အဖွဲ့အစည်း ဆိုင်ရာ အကဲ ဖြတ်ချက်နှင့် ဗင်းကားချပ် | ၂.၁၀. ၂၀၁၉ | အမျိုးသား၊ အမျိုးသမီး နှင့်စေတနာ့ ဝန်ထမ်း | ၇ | ၇ | ၁၄ | ကျေးရွာအတွင်းနှင့်ပြင်ပရှိ အဖွဲ့အစည်း များ၏ ချိတ်ဆက်မှု၊ ပူးပေါင်းဆောင် ရွက်မှုများ နှင့် အကျိုးဆက်များအား ဖော်ထုတ်ခြင်း။ |

## ၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုခဲ့သော PRA tools များနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ

### (က) လူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံ




ဆွပ်ဖကျေးရွာသည် အသက်မွေးဝမ်းကျောင်းအနေဖြင့် တောင်ယာနှင့် တပိုင်တနိုင်မွေးမြူရေး စသည်တို့ လုပ်ကိုင်ကြသည်။ အိမ်ထောင်စု (၂၃)စုနှင့် လူဦးရေ (၉၄)ဦး နေထိုင်ကြသည်။ တောင်ယာလုပ်ငန်းလုပ်ကိုင်ချိန်တွင် ရွှေ့ပြောင်းလုပ်သားများသည် ၅ အိမ်စုတွင် လာရောက်နေထိုင်ကြသည်။ ရေ၊ ကျောက်၊ သစ်တော၊ တောင်ယာများ အများအပြားရှိပြီး ချောင်းသဲလည်း အနည်းငယ်ရှိပါသည်။ သဘာဝအရင်းအမြစ်များ ရှိနေသော်လည်း ကျေးရွာလူထုအနေဖြင့် အကျိုးရှိအောင်သုံးစွဲနိုင်ခြင်းမရှိချေ။ ဆွပ်ဖကျေးရွာမတည်ခင်က လက်ရှိရွာ၏ပတ်ဝန်းကျင်တွင် သစ်တောများနှင့်သစ်များ အများအပြား ရှိသော်လည်း တောင်ယာများခုတ်ခြင်း၊ ရာသီဥတုပြောင်းလဲခြင်း တို့ကြောင့် လွန်ခဲ့သော ၅နှစ်မှစ၍ သစ်တောများ သိသိသာသာလျော့နည်း လာခဲ့ပါသည်။

အဓိက အသက်မွေးဝမ်းကျောင်းဖြစ်သော တောင်ယာလုပ်ငန်းတွင် နှမ်းကို အဓိကစိုက်ပျိုးကြပြီး မြေပဲနှင့်ပြောင်းများလည်း အနည်းငယ်စိုက်ပျိုးကြသည်။ ဆွပ်ဖကျေးရွာရှိ အမျိုးသမီးများ၏ အသက်မွေးဝမ်းကျောင်းမှာ တောင်ယာလုပ်ငန်းလုပ်ကိုင်ခြင်း၊ အိမ်ဆိုင်ရောင်းခြင်းနှင့် အိမ်မှုကိစ္စလုပ်ကိုင်ခြင်းတို့ ဖြစ်ပါသည်။

ဆွပ်ဖကျေးရွာတွင် ကျေးရွာပိုင်အဆောက်အအုံဟူ၍မရှိပါ။ ကျေးရွာပိုင်အနေဖြင့် ရေလှောင်ကန် တစ်ကန် ရှိသော်လည်း ယင်းကန်မှာ သေးငယ်သည့်အပြင် ရေအရင်းအမြစ်မှ လုံလောက်အောင်

မထွက်သည့်အတွက် သောက်သုံးရေ လုံလောက်မှုမရှိချေ။ ဖားဆောင်းမြို့နယ် လူထုဗဟိုပြုစီမံကိန်းမှ ၂၀၁၇-၁၈ ဘဏ္ဍာရေးနှစ်အတွင်း လာရောက်ဆောက်ပေးသော ကျေးရွာခန်းမဆောင်တစ်ဆောင်နှင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် တပ်ဆင်ပေးသော သံလွင်မြစ်မှ ရေတင်သောစက်နှင့် ရေမြုပ်မော်တာ အားလာရောက်ပြုလုပ်ပေးသောကြောင့် ရှိလာပါသည်။

## (ခ) ဥစ္စာဓနပိုင်ဆိုင်မှုအဆင့်သတ်မှတ်ချက်



ဥစ္စာဓနကြွယ်ဝမှုဇယား ဝမ်းအောင်းအုပ်စု ဆွပ်ဖကျေးရွာ

ရက်စွဲ-၂.၁၀.၂၀၁၉

| အဆင့် | သတ်မှတ်ချက် | အိမ်ထောင်စုအရေအတွက် | ရာခိုင်နှုန်း |
|---|---|---|---|
| အဆင်ပြေ | နွား၊ ထွန်စက်၊ ထော်လာဂျီ၊ ဆိုင်ကယ်၊ ပျဉ်ထောင်အိမ်၊ တောင်ယာ၊ စက်လှေ | ၄ | ၁၇.၄၀% |
| သိပ်အဆင်မပြေ | ဆိုင်ကယ်၊ ထရံကာ၊ တောင်ယာ၊ သွပ်မိုး | ၁၈ | ၇၈.၂၆% |
| လုံးဝအဆင်မပြေ | မိုးကာတဲ | ၁ | ၄.၃၅% |
| | စုစုပေါင်း | ၂၃ | ၁၀၀% |


ဆွပ်ဖကျေးရွာတွင် အိမ်ထောင်စု (၂၃)စု ရှိသည်။ ဥစ္စာဓနကြွယ်ဝမှုသတ်မှတ်ရာတွင် အဆင်ပြေသော အိမ်ထောင်စု၊ သိပ်အဆင်မပြေသော အိမ်ထောင်စု၊ လုံးဝ မပြေလည်သော အိမ်ထောင်စု ဟူ၍ အဆင့် သုံးဆင့်ဖြင့် သတ်မှတ်ထားကြသည်။


နွား၊ ထွန်စက်၊ ထော်လာဂျီ၊ ဆိုင်ကယ်၊ ပျဉ်ထောင် သွပ်မိုးအိမ်၊ စက်လှေ၊ စလောင်းနှင့် တောင်ယာ စသည်တို့ကို ပိုင်ဆိုင်သော မိသားစုများကို အဆင်ပြေသော မိသားစုဟု သတ်မှတ်ကာ ယင်းအုပ်စုမှာ အိမ်ထောင်စု (၄)စု ရှိပြီး ရာခိုင်နှုန်းအားဖြင့် (၁၇.၄၀%)ရှိပါသည်။ ဆိုင်ကယ်၊ ဝါးထရံကာ သွပ်မိုးအိမ်နှင့် တောင်ယာ စသည်တို့ကို ပိုင်ဆိုင်သော မိသားစုများကို သိပ်အဆင်မပြေသောမိသားစုဟု သတ်မှတ်ကာ ယင်းမိသားစုမှာ(၇) စုရှိကာ ရာခိုင်နှုန်းအားဖြင့် (၇၈.၂၆%) ရှိပါသည်။

လုံးဝမပြေလည်သော မိသားစုအဖြစ် တည်ရှိသောမိသားစုမှာ ကျန်းမာရေး မကောင်း၍ အလုပ်လုပ်ကိုင်နိုင်စွမ်းမရှိသောသူများ၊ တစ်ဦးတည်းနေသူဖြစ်ပြီး မိုးကာတဲဖြင့်သာ နေထိုင်သူများကို သတ်မှတ်ထားပါသည်။ လုံးဝမပြေလည်သော မိသားစုမှာ (၁) အိမ်သာရှိသဖြင့် ရာခိုင်နှုန်းအားဖြင့် (၄.၃၅%) ဖြစ်ပါသည်။ အဓိက အသက်မွေးဝမ်းကျောင်းအဖြစ် အားထားရသော စိုက်ပျိုးရေးလုပ်ငန်းများ လုပ်ကိုင်

ရာတွင် ရာသီဥတုမမှန်သောကြောင့် စိုက်ပျိုးသီးနှံများအထွက်နည်းကာ မိသားစုဝင်ငွေများပါ လျော့နည်းမှုများဖြင့် ကြုံတွေ့ကြရပါသည်။ စိုက်ပျိုးရေးလုပ်ငန်းများ လုပ်ကိုင်ရာတွင် ရာသီအလိုက် အချိန်မှီလုပ်ကိုင်နိုင်မှု မရှိခြင်းသည် သီနှံအထွက်နှုန်း နည်းပါးစေခြင်း၏ အချက်အဖြစ်လည်း ဖြစ်ပါသည်။ ဆွပ်ဖကျေးရွာရှိ မိသားစုများသည် ဝင်ငွေနည်းပါးမှုများသောကြောင့် သားသမီးပညာရေး ထောက်ပံ့ရန်အတွက် အခက်အခဲများစွာ ရင်ဆိုင်နေကြရပါသည်။ ယင်းအိမ်ထောင်မိသားစုဝင်များအား စီမံကိန်းလုပ်ငန်းများတွင် လုပ်ကိုင်စေခြင်းဖြင့် ဝင်ငွေရကာ မိသားစုအား တစ်ဘက်တစ်လမ်းဖြင့် ကူညီပေးနိုင်မည်ဖြစ်သည်။

## (ဂ) ပိုင်ဆိုင်မှုသုံးသပ်ခြင်း




ဆွပ်ဖကျေးရွာရှိ ခြံ၊ တောင်ယာ၊ ဝါး၊ သစ်တော၊ ကျောက်၊ အိမ်ဆိုင်၊ စက်လှေ၊ ခန်းမဆောင်နှင့် ရေလှောင်ကန်တို့ကို အမျိုးသားများနှင့် အမျိုးသမီးများ တူညီစွာသုံးစွဲကြသည်။ ထော်လာဂျီ၊ ထွန်စက်တို့ကို အမျိုးသားများက သုံးစွဲကြပြီး သဲ၊ ရေ၊ သစ်တော၊ ကျောက်၊ စက်လှေ၊ ထော်လာဂျီ၊ ထွန်စက်တို့ကို ထိန်းချုပ်သည့်အပြင် ဆုံးဖြတ်ချက်ချရာတွင်လည်း အမျိုးသားများကသာ ဦးဆောင်နေပါသည်။ ခြံ၊ တောင်ယာ၊ ဝါးတို့ကို အတူတစ်ကွ ထိန်းချုပ်မှုရှိသော်လည်း အမျိုးသမီးအနေဖြင့် အိမ်ဆိုင်ကိုသာ မိမိတို့စီမံခန့်ခွဲမှုဖြင့် ဦးဆောင်လျက်ရှိသည်။

ကျေးရွာရှိ အရင်းအမြစ်များကို အမျိုးသားများကသာ စီမံထိန်းချုပ်နေရခြင်းမှာ အမျိုးသမီးများ အနေဖြင့် အိမ်မှုကိစ္စများတွင်သာ တာဝန်ယူလုပ်ဆောင်နေရခြင်း၊ ဝင်ငွေရလုပ်ငန်းများလုပ်ကိုင်ရန် အခွင့်အလမ်းနည်းပါးခြင်း၊ အမျိုးသမီးများကိုယ်တိုင် မိမိကိုယ်မိမိယုံကြည်မှုနည်းပါးနေခြင်း နှင့် မိရိုးဖလာ အစွဲအရ အမျိုးသမီးများသည် အိမ်ထောင်ဦးစီး၏ စီမံခန့်ခွဲမှုအောက်တွင်သာ နေထိုင်ကြခြင်း စသော ထုံးတမ်းစဉ်လာကြောင့်ဖြစ်သည်ကို သုံးသပ်ကြပါသည်။

ထို့ကြောင့် ယင်းကျေးရွာရှိ အမျိုးသမီးများအား ပြင်ပဗဟုသုတ တိုးပွားစေရန် အသိပညာပေး အစီအစဉ်များ ပြုလုပ်ပေးခြင်း၊ စီမံကိန်းကော်မတီတွင် ဦးဆောင်သူနေရာပေးခြင်း နှင့် အမျိုးသမီးများ ခေါင်းဆောင်မှု အသိပညာပေး အစီအစဉ်များ ဆောင်ရွက်ပေးခြင်းအားဖြင့် အမျိုးသမီးများ၏ အခန်းကဏ္ဍ ကိုမြှင့်တင်ပေးနိုင်မည် ဖြစ်ပါသည်။

**(ဃ)ရာသီခွင်ပြဇယား**



ဆွပ်ဖကျေးရွာတွင် ဇွန်၊ ဇူလိုင်၊ ဩဂုတ်လ များသည် မိုးရာသီဖြစ်ပြီး စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်သော ကာလမှာ ဇွန်၊ ဇူလိုင်၊ စက်တင်ဘာ၊ အောက်တိုဘာလများဖြစ်သည်။ အဓိက စိုက်ပျိုးရေး လုပ်ငန်းမှာ နှမ်းနှင့် ပြောင်းဖြစ်ကာ ယင်းလုပ်ငန်းအားဖြင့် မိသားစုဝင်ငွေရအောင် ဆောင်ရွက်နေကြပါသည်။


ဆွပ်ဖကျေးရွာရှိမိသားစုများသည် ဗုဒ္ဓဘာသာနှင့် ခရစ်ယာန်ဘာသာကို ကိုးကွယ်ကြသောကြောင့် ပွဲတော် ကာလမှာလည်း မတူညီပေ။ တန်ခူးလတွင် ဗုဒ္ဓဘာသာဝင်အနေဖြင့် လူအနည်းစုသာ

ရှိသော်လည်း သင်္ကြန်ရေ ပက်ဖြန်းပွဲ ကျင်းပကြသည်။ ခရစ်ယာန်ဘာသာမှလည်း ဒီဇင်ဘာလတွင် ခရစ္စမတ်ပွဲကို ကျင်းပလေ့ရှိသည်။

ဂါဆို၊ ဂါခေါင်၊ တော်သီလင်းလတွင် ရေကြီးမှုများဖြစ်ပေါ်တတ်သည့်အတွက် သံလွင်မြစ်ရေ ညစ်ညမ်းမှုကြောင့် ဝမ်းပျက်ဝမ်းလျှောရောဂါများ ဖြစ်ပွားတတ်သည့်အပြင် သွားလာရေး ခက်ခဲပါသည်။ ဇန်နဝါရီမှမေလအထိ ပူပြင်းသောကြောင့် သောက်သုံးရေရှားပါးမှုရှိသည်။ အောက်တိုဘာလမှာ ဝင်ငွေအများဆုံးလဖြစ်ပြီး ကျန်သောလများမှာ အတင့်အသင့်ဝင်ပါသည်။ ထွက်ငွေ အများဆုံး ထွက်သောလမှာ ဇွန်နှင့် ဇူလိုင်လဖြစ်သည်။ တစ်နှစ်ပတ်လုံးဖြစ်တတ်သော ရောဂါမှာ ဖျားနာ၊ ခေါင်းကိုက်စသည့် သာမန်ဖျားနာမှုသာရှိပြီး အခြားထူးခြားသော ရောဂါများ ဖြစ်လေ့ဖြစ်ထမရှိပါ။

ဇန်နဝါရီလမှ ဧပြီလအထိ လုပ်ငန်းအားလပ်ချိန်ဖြစ်သော်လည်း ကျန်သောလများတွင် သီးနှံစိုက်ပျိုးကြသည်။ လမ်းပန်းဆက်သွယ်ရေးအနေဖြင့် ဆယ့်နှစ်ရာသီလုံး မြေသားလမ်းတွင်သာ သွားလာရသည့်အပြင် ဇူလိုင်လမှ အောက်တိုဘာလထိ မိုးရွာသွန်းမှုကြောင့် လမ်းများ ပိုမိုပျက်ဆီးမှု ရှိသည်။ မတ်လမှဇွန်လအထိ တောမီးနှင့်လေပြင်း တိုက်ခတ်သော သဘာဝဘေးအန္တရာယ်နှင့် ရံဖန်ရံခါ ကြုံတွေ့လေ့ရှိပါသည်။

### ( င) ကျား-မအခန်းကဏ္ဍသုံးသပ်ခြင်း (Cobweb)




ဆွပ်ဖကျေးရွာတွင် ကျေးရွာလူထုနှင့် အစည်းအဝေးပြုလုပ်ကာ အမျိုးသမီး နှင့် အမျိုးသားများ၏ ရရှိသော အခွင့်အရေးကွာဟမှုအား ဖော်ထုတ်နိုင်ရန်အတွက် ပင့်ကူအိမ်သုံးသပ်ချက်ဖြင့် သုံးသပ်ခဲ့ကြပါသည်။ ယင်းသုံးသပ်ချက်အရ ကျေးရွာတွင်ရှိသော အမျိုးသမီးအများစုသည် အိမ်မှုကိစ္စတွင် အချိန်ပေးနေရသဖြင့် ရပ်ရွာအရေး ကိစ္စရပ်များတွင် ပါဝင်မှုနှင့် အလုပ်လုပ်ကိုင်နိုင်မှု နည်းပါးကာ ဝင်ငွေရရှိမှုနည်းသည့်အပြင် မိမိကိုယ်ကို ယုံကြည်မှု မရှိသောကြောင့် အမျိုးသမီးများအနေဖြင့် ဦးဆောင်မှုနှင့် စီမံခန့်ခွဲမှုမှာလည်း အားနည်းရခြင်းဖြစ်ကြောင်း သုံးသပ်ကြပါသည်။

သို့သော် ကျန်းမာရေးအသိပညာဗဟုသုတရှိမှုတွင်မူ မိမိတို့ကလေးငယ်များအား ပြုစုစောင့်ရှောက်ခြင်းနှင့် အနီးကပ် စောင့်ရှောက်မှုများကြောင့် အမျိုးသားများထက် အမျိုးသမီးများ သာလွန်မှုရှိသည်ကို သုံးသပ်ကြပါသည်။ ပိုင်ဆိုင်မှုနှင့်ပတ်သက်လျှင်မူ ခွဲခြားမှုမရှိဘဲ အမျိုးသားနှင့် အမျိုးသမီးများ တန်းတူပိုင်ဆိုင်ကြသည့်အပြင် အမွေခွဲဝေရာတွင်လည်း တန်းတူရပိုင်ခွင့်ရှိသည်ဟု သုံးသပ်ကြပါသည်။

အမျိုးသားများအနေဖြင့် အမျိုးသမီးများကို ဦးဆောင်မှုပိုင်းတွင် တန်းတူအခွင့်အရေးပေးပါက အမျိုးသမီး များအနေဖြင့်လည်း မိမိကိုယ်ကိုယုံကြည်မှုရှိလာပြီး ရပ်ရေးရွာရေးကိစ္စများတွင်ပါ ဦးဆောင်မှုနှင့် စီမံခန့်ခွဲမှုအပိုင်း တို့တွင် အားကောင်းလာမည်ဖြစ်သည်။

**(စ) အဖွဲ့အစည်းဆိုင်ရာ အကဲဖြတ်ချက်နှင့် ဗင်းကားချပ်**





ဆွပ်ဖကျေးရွာတွင် အုပ်ရေးမှူး၊ ကလလတနှင့် ကျေးရွာစီမံကိန်းအထောက်အကူပြု ကော်မတီ စသည့် အဖွဲ့များရှိကြသည်။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းတွင် ကျေးရွာအုပ်ချုပ်ရေးမှူးသည် ကျေးရွာလူထု နှင့်အတူဦးဆောင် ဝင်သည်။ ကျေးရွာတွင် လူမှုရေး၊ ဘာသာရေး၊ စီးပွားရေး စသည့်သာရေးနာရေး ဆိုင်ရာ ကိစ္စရပ်များအတွက် ကူညီဆောင်ရွက်သော အဖွဲ့များ သီးခြားဖွဲ့စည်းထားခြင်း မရှိပါ။

ပြင်ပအဖွဲ့အစည်းအနေဖြင့် CDD တစ်ဖွဲ့သာလျှင် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်နေကြောင်း သုံးသပ်ကြပါသည်။ ယင်း CDD အဖွဲ့မှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် တွင် ရပ်ရေးရွာရေးကိစ္စများ၊ သာရေးနာရေး နှင့် တခြားလူမှုရေး ကိစ္စများဆောင်ရွက်နိုင်ရန်ရည်ရွယ်ပြီး ကျေးရွာခန်းမဆောင် ဆောက် ပေးခဲ့ပါသည်။ လူထုဗဟို ပြုစီမံကိန်းသည် ကျေးရွာ ဥက္ကဌ နှင့် ရွာတွင်းရှိလူထုဗဟိုပြုစီမံကိန်းကော်မတီနှင့် ချိတ်ဆက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်း များအား အကောင် အထည်ဖော်ခဲ့ကြပါသည်။

ဆွပ်ဖကျေးရွာသည် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနတွင် တရားဝင် စာရင်းပေါက်သော်လည်း အိမ်ခြေနည်းခြင်း တို့ကြောင့် လူမှုရေးအသင်းအဖွဲ့များ၊ ဌာနဆိုင်ရာများဂင်ရောက်ခြင်းနည်းခဲ့ပါသည်။ ထို့ကြောင့် ယင်းဆွပ်ဖကျေးရွာ အနာဂတ်ဖွံ့ဖြိုးတိုးတက်လာရန်အတွက် လက်ရှိတည်ရှိနေသော အဖွဲ့အစည်းများနှင့် ပြင်ပအဖွဲ့အစည်းများ၊ ဌာနဆိုင်ရာ အဖွဲ့အစည်းများမှ ရပ်ရွာ၏ အခြေခံ လိုအပ်ချက်များကို ကျေးရွာလူထုနှင့်အတူ ဖော်ထုတ်ကာ အကောင်အထည်ဖော်ဆောင်ရွက်မည်ဆိုလျှင် နောင်အနာဂါတ်တွင် ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ပါသည်။

## (ဆ) အခက်အခဲများနှင့်ပြဿနာများ








ဆွပ်ဖကျေးရွာမှ ကျောက်စုသို့သွားသောလမ်းသည် မိုးရာသီတွင် လမ်းများချော်ခြင်း၊ တောင်ကျချောင်း ရေကြီးခြင်း၊ ဗွက်ထခြင်းများကြောင့် လမ်းပန်းဆက်သွယ်ရေးမှာ လွန်စွာခက်ခဲလှပါသည်။ ကျေးရွာတွင် စာသင်ကျောင်း မရှိသောကြောင့် မူလတန်းအရွယ် ကလေးတည်းက နီးစပ်ရာ မယ်စဲ့မြို့နယ်ရှိ ကျောက်စုကျေးရွာသို့ ကျောင်းသွားတက်ရသည်။ ဆွပ်ဖကျေးရွာသည် ဖားဆောင်းမြို့နှင့် (၁၆)မိုင်ဝေး၍ ကျောင်းနေ အရွယ်ကလေးများအား ဖားဆောင်းမြို့တွင် ညအိပ်ညနေထားရသောကြောင့် ကျောင်းစရိတ်များသဖြင့် တချို့မိဘမှာ ကလေး၏ ပညာရေးအား ဆုံးခန်းတိုင်အောင် ပံ့ပိုးမှုမပေးနိုင်ချေ။ ထို့ကြောင့် ကျေးရွာတွင် စာတတ်မြောက်သူ နည်းပါး ခဲ့ရပါသည်။

ဆွပ်ဖကျေးရွာတွင် လျှပ်စစ်မီးမရသေးသည့်အတွက် ညရေးညတာလုံခြုံမှုမရှိခြင်း၊ သတင်းအချက်အလက်များရယူရန်ခက်ခြင်း၊ ဖရောင်းတိုင်ဖြင့်မီးထွန်းရသောကြောင့်အကုန်အကျများခြင်း၊ အမျိုးသမီးများ မနက်ထမင်း ထချက်ရာတွင် အန္တရာယ်ရှိခြင်း၊ သက်ကြီးရွယ်အိုနှင့်ကလေးများအတွက်အခက်အခဲရှိခြင်း၊ ဖျားနာသောအခါ အခက်အခဲရှိခြင်းနှင့် ထင်းမီးဖြင့်သာ ထမင်းဟင်းချက်ပြုတ်နေရခြင်းကြောင့် သစ်တောများ ပြုန်းတီးလာမည်ကို စိုးရိမ်ပူပန်နေရခြင်း များရှိနေသည်ကို သုံးသပ်ကြ ပါသည်။

ကျေးရွာတွင် စိုက်ပျိုးရေးကိုသာ အဓိက လုပ်ကိုင်သောကြောင့် ရာသီဥတုဖောက်ပြန်သည့် အခါ ဝင်ငွေနည်း၊ ဝင်ငွေနည်းသောကြောင့် အကြွေးတင်ကာ စားဝတ်နေရေးခက်ခဲခြင်းများနှင့် ကြုံတွေ့နေရ သည်။ ကျေးရွာတွင် ကျန်းမာရေးဆေးပေးခန်း မရှိသဖြင့် ကျန်းမာရေးဝန်ဆောင်မှု လက်လှမ်းမမီခြင်းများ ကြုံတွေ့လျက် ရှိပါသည်။


### (၉) မျှော်မှန်းချက်





ကျေးရွာအစည်းအဝေးတွင် မိမိတို့အခက်အခဲများနှင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရန်အတွက် မျှော်မှန်းချက်များအား သုံးသပ်ကြပါသည်။ ယင်းသုံးသပ်ချက်အရ ကျေးရွာလူထုများသည် ကျောင်းနေအရွယ်ကလေးများအား စာသင်ကြားခွင့်ရရှိပြီး မိသားစုထွက်ငွေ လျော့နည်းလာစေရန်နှင့် ရပ်ရွာတွင် ပညာတတ်များဖြစ်လာစေရန်၊ မူကြိုအရွယ်ကလေးများ မူကြိုပညာ သင်ကြားခြင်းဖြင့် ကလေးသူငယ်များ ဘက်စုံဖွံ့ဖြိုးမှုရှိလာရန်နှင့် မိခင်များအနေဖြင့်လည်း လုပ်ငန်းခွင်သို့ အနှောင်အဖွဲ့ကင်းစွာ လုပ်ဆောင်နိုင်ရန်၊ ကျေးရွာတွင် အိမ်တိုင်ရာရောက် ရေရရှိခြင်းအားဖြင့် ရေခပ်ချိန် လျော့ကျလာရန်၊ ကျေးရွာမီးလင်းရေး ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာနေပြည်သူများ စိတ်ချလုံခြုံမှုရှိလာရန်၊ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ခြင်းအားဖြင့် ရာသီမရွေး သွားလာနိုင်ရန်၊ ကျေးလက်ဆေးပေးခန်းရရှိခြင်းအားဖြင့် ကျေးရွာအတွင်း ကျန်းမာရေးဝန်ဆောင်မှု အချိန်မီရရှိလာရန်နှင့် အလုပ်အကိုင် အခွင့်အလမ်းများ ရရှိခြင်းအားဖြင့် မိသားစုဝင်ငွေတိုးလာကာ ကျန်းမာရေး၊ ပညာရေးနှင့် လူမှုရေးကိစ္စများတွင် အဆင်ပြေလာစေရန် မျှော်မှန်းထားကြပါသည်။

**(၅) ဦးစားပေးလုပ်ငန်းများ ရွေးချယ်ဆုံးဖြတ်ခြင်း**



ဆွပ်ဖကျေးရွာတွင် မိုးရာသီ၌ သွားလာရေးအဆင်ပြေစေရန်အတွက် ကျေးရွာတွင်းလမ်း ပြုပြင်ခြင်းအား ပထမဦးစားပေးအနေဖြင့် ရွေးချယ်ခဲ့ကြပါသည်။ ဆွပ်ဖကျေးရွာမှ မယ်စဲ့မြို့နယ်၊ ကျောက်စုကျေးရွာသို့သွားသော လမ်းသည် မြေသားလမ်းသာဖြစ်သောကြောင့် မိုးရာသီတွင် လမ်းချော်ခြင်း နှင့် တောင်ကျရေကြီးလာခြင်းဖြစ်၍ ဒုတိယဦးစားပေးအဖြင့် ဆွပ်ဖနှင့် ကျောက်စုကြားရှိ ရေချောင်းမှာ ရေကျော်တံတားပါရွေးချယ်ရခြင်း ဖြစ်သည်။ သက်ကြီးရွယ်အိုများ၊ ကိုယ်ဝန်ဆောင် မိခင်များ၊ ရွာသူ/သားများ ကျန်းမာရေးစောင့်ရှောက်မှု အချိန်မီ ရရှိရန်အတွက် ကျန်းမာရေးဆေးပေးခန်း တည်ဆောက်ခြင်းလုပ်ငန်းကို စတုတ္တဦးစားပေးလုပ်ငန်းအဖြစ် ရွေးချယ်ခဲ့ကြ ပါသည်။

ဆက်လက်ပြီး ကလေးများပညာရေးအတွက် မူလတန်းကျောင်းဆောင် ဆောက်လုပ်ခြင်း၊ အမျိုးသမီးများ အနေဖြင့် ကိုယ်ဝန်ဆောင်နေစဉ်ကာလအတွင်း ကျန်းမာရေးနှင့်ပတ်သက်သော အသိပညာ ဗဟုသုတများ မရရှိခြင်း၊ သားဆက်ခြား အသိပညာနည်းပါးခြင်းနှင့် ကလေးများပြီး စီးပွားရေး အဆင်မပြေမှုများရှိနေသည့်အတွက် ကျန်းမာရေးအသိပညာပေး အစီအစဉ်များ ပံ့ပိုးပေးခြင်းနှင့် စိုက်ပျိုးရေးအား အဓိကအသက်မွေးဝမ်းကျောင်းတစ်ခုအဖြစ် လုပ်ဆောင်ရသော်လည်း သမားရိုးကျနည်းလမ်းများဖြင့်သာ စိုက်ပျိုးနေကြသည့်အတွက် သီးနှံအထွက် လျော့နည်းခြင်း၊ ဒေသနှင့်ကိုက်ညီသော သီးနှံများ မပာတ်သည့်အတွက် အောင်မြင်မှုနည်းပါခြင်း အခက်အခဲများကို ဖြေရှင်းနိုင်ရန် စိုက်ပျိုးရေးနည်းပညာပေး သင်တန်းများ ပံ့ပိုးပေးခြင်း စသည်ဖြင့်ရွေးချယ်ခဲ့ကြပါသည်။

၇။ ကော်မတီဝင်များ ရွေးချယ်ခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ဆောင်ရွက်မှုမှတ်တမ်း ဓါတ်ပုံများ





**ကော်မတီဝင်များစာရင်း**

| စဉ် | အမည် | ရာထူး(ကျေးရွာအဆင့်) | ရာထူး(အုပ်စုအဆင့်) |
|---|---|---|---|
| ၁ | ဒေါ်ဖြိုးနွယ်ဝင်း | စီ/ထောက်ဥက္ကဌ | အုပ်စုစာရင်းကိုင် |
| ၂ | ဒေါ်မီးမီး | ဝေဖန်အကြံပြု | |
| ၃ | ဦးကျော်သူ | စောင့်ကြည့်ကြီးကြပ် | |
| ၄ | ဒေါ်ချယ်ရီနာ | ဝယ်ယူရေး | |
| ၅ | ဒေါ်လဲ့တာဖော | ငွေစာရင်းကိုင် | |
| ၆ | ဦးမောင်နု | လည်ပတ်ထိန်းသိမ်းရေး | |
| ၇ | ဦးအုန်းကြည် | စေတနာ့ဝန်ထမ်း | |

## ၈။ ကျေးရွာအခြေခံအချက်အလက် (ပုံစံ-၁)

ပုံစံ - ၈ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

*လမ်းညွှန်ချက်။ ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီးသွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်းမိတ်ဆက်အစည်းအဝေးမတိုင်မီ တောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင် ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်စနစ်ထဲသို့ Tablets မှ တဆင့် ဖြည့်သွင်းရမည်။*

| ကျေးရွာခေါင်းဆောင် အမည် | ကျေးရွာခေါင်းဆောင်၏ ဖုန်းနံပါတ် | လူထုစည်းရုံးရေးမှူး၏အမည် |
|---|---|---|
| ဦးမောင်တား | \ | ဇော်ယွာအောင်ဦး၊ နန်းခင်သန္တာရီ |

| ကယားပြည်နယ် | ဖားဆောင်းမြို့နယ် | ကျေးရွာအုပ်စု | ကျေးရွာ |
|---|---|---|---|
| | | ဝမ်အောင်း | ဆွပ်ဖ |

က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ကယန်း | ၁၆ | ဘာသာ(၁) ခရစ်ယာန် | ၁၆ |
| လူမျိုးစု (၂) ကယော | ၃ | ဘာသာ(၂) ခရစ်ယာန် | ၃ |
| လူမျိုးစု (၃) ဗမာ | ၂ | ဘာသာ(၃) ဗုဒ္ဓ | ၂ |
| လူမျိုးစုရော- | | ဘာသာရော | |
| အခြား မနော၊ ရှမ်း | ၂ | ခရစ်ယာန်၊ ရှမ်း | ၂ |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | | | |
| စစ်ဘေးရှောင် | | | |

| | အမျိုးသား(အရေအတွက်) | အမျိုးသမီး(အရေအတွက်) | စုစုပေါင်းအရေအတွက် |
|---|---|---|---|
| လူဦးရေ | ၅၇ | ၃၇ | ၉၄ |
| လူမျိုးစု (၁) ကယန်း | ၄၄ | ၂၈ | ၇၂ |
| လူမျိုးစု (၂) ကယော | ၆ | ၃ | ၉ |
| လူမျိုးစု (၃) ဗမာ | ၃ | ၃ | ၆ |
| အခြား မနော၊ ရှမ်း | ၄ | ၃ | ၇ |
| အိမ်ထောင်ဦးစီး | ၂၂ | ၁ | ၂၃ |

(ခ)အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | | အမှတ်ခြစ်ပါ | ကျန်းမာရေး | | အမှတ်ခြစ်ပါ | ဘာသာရေးအဆောက်အအုံများ | | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|---|---|---|
| ၁ | အထက်တန်းကျောင်း | ☐ | ၁ | ဆေးရုံ | ☐ | ၁ | စေတီ | ☐ |
| ၂ | အလယ်တန်းကျောင်း | ☐ | ၂ | ကျန်းမာရေးဌာန | ☐ | ၂ | ဘုန်းကြီးကျောင်း | ☐ |
| ၃ | မူလတန်းကျောင်း | ☐ | ၃ | ကျန်းမာရေးဌာနခွဲ | ☐ | ၃ | ဟိန္ဒူဘုရားကျောင်း | ☐ |
| ၄ | မူကြိုကျောင်း | ☐ | ၄ | ဆေးပေးခန်း | ☐ | ၄ | ခရစ်ယာန်ကျောင်း | ☐ |
| ၅ | အခြား | ☐ | ၅ | အခြား | ☐ | ၅ | ဗလီ | ☐ |
| | | | | | | ၆ | အခြား | ☐ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော (သို့မဟုတ်) အခြားရွာမှလာရောက်သောကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | | (၂)ကျန်းမာရေး | | | | (၃) လက်မှုပညာရှင် | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | | | ရွာတွင်းနေထိုင်သူ | အခြား မှလာ |
| ၁ | မူလတန်းပြဆရာ/မ | ☐ | ☐ | ၁ | ဆရာဝန် | ☐ | ☐ | ၁ | လက်သမား | ☐ | ☐ |
| ၂ | အထက်တန်းပြဆရာ/မ | ☐ | ☐ | ၂ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ၂ | ပန်းရံ | ☐ | ☐ |
| ၃ | အလယ်တန်းပြဆရာ/မ | ☐ | ☐ | ၃ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | ၃ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☐ | ☐ |
| ၄ | မူကြိုဆရာ/မ | ☐ | ☐ | ၄ | သားဖွားဆရာမ | ☐ | ☐ | ၄ | ရေပိုက်သွယ်သူ | ☐ | ☐ |
| ၅ | အခြား | ☐ | ☐ | ၅ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | ၅ | စက်ပြင်ဆရာ | ☐ | ☐ |
| မှတ်ချက် | | | | | မှတ်ချက် | | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့်လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

ကျောက်ကြမ်းလမ်း ကတ္တရာလမ်း ကွန်ကရစ်လမ်း မော်တော်ဆိုင်ကယ်လမ်း

ကျောက်ခင်းလမ်း မြေသားလမ်း (circled) လူသွားလမ်း အခြား _____________

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက် ဝိုင်းပါ

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှု စီမံချက်ရှိခဲ့ပါသလား? ရှိပါသည်/ မရှိပါ/ မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? နှစ်________/ မသိပါ

(၃) ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? ပြုခဲ့ပါသည်/ မပြုခဲ့ပါ/ မသိပါ

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှ ကွာဝေးသနည်း? မိုင်_၁၁______/ မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင် ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန်__၃နာရီ_____ ထော်လာဂျီ/ မော်တော်ဆိုင်ကယ်/ ခြေလျင်/ လှေ/ မော်တော်ဘုတ်/

အခြား ______________

မိုးရာသီတွင်ကြာချိန်_____၃နာရီ____ ထော်လာဂျီ/ မော်တော်ဆိုင်ကယ်/ ခြေလျင်/ လှေ/ မော်တော်ဘုတ်/

အခြား ______________

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာသဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင်ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☐ မရှိပါ ☑ ရှိပါသည် ရှိလျှင်ဖော်ပြပါ __ရေ မြင်း မှန်တိုင်း

(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင် (သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) ____________________

(၂) ____________________

(ဈ) အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားခြင်း

ဤကျေးရွာသည် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားမှု ရှိပါသလား။

☐ မရှိပါ ☑ ရှိပါသည်


ကျေးရွာခေါင်းဆောင် အမည် __ဦးမောင်ငတား_________

လက်မှတ် ______________ နေ့စွဲ -၂-၁၁-၂၀၁၉--

လူထုစည်းရုံးရေးမှူး အမည် _ဒေါ်ယွန်းဆောင်နီ__

လက်မှတ် ______________ နေ့စွဲ -၂-၁၁-၂၀၁၉--

## ၉။ စီမံကိန်းစက်ဝန်း အချိန်ဇယား (ပုံစံ-၂)



ပုံစံ - စ-၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

လမ်းညွှန်ချက်။ သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/ လက်ထောက်နည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးဆုံးတိုင်းကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကို ဖြည့်သွင်းရမည်။

စည်းရုံးရေးမှူး/လက်ထောက်နည်းပညာရေးမှူးဝန်ထမ်း အမည် - ဒေါ်ယွားဟောနိုရှိုး

| | | | |
|---|---|---|---|
| နေ့စွဲ ၂.၁၀.၂၀၁၉ | | စက်ဝန်းအား အမှတ်ခြစ်ပါ (√) | ☐ စက်ဝန်း(၁) ☐ စက်ဝန်း(၂) ☐ စက်ဝန်း(၃) ☑ စက်ဝန်း(၄) |
| ကယားပြည်နယ် | ဖားဆောင်းမြို့နယ် | ကျေးရွာအုပ်စု ဝမ်ဒေါင်း | ကျေးရွာ ဆွတ်ဖ |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | | | |
|---|---|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသားအရေအတွက် | အမျိုးသမီးအရေအတွက် | အိမ်ထောင်စုအရေအတွက် | လူမျိုးစုတက်ရောက်သူအရေအတွက် နှင့် လူမျိုးစုအမည် | အိမ်ထောင်စုပေါင်း | အိမ်ထောင်စု % |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | ၂.၁၀.၂၀၁၉ | ၂.၁၀.၂၀၁၉ | ၇ | ၇ | ၁၄ | ဗမာ ၁<br>ကယန်း ၁၁<br>ရှမ်း ၁<br>ကရင် ၂ | ၁၄ | / |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်းအစည်းအဝေး | ၂.၁၀.၂၀၁၉ | ၂.၁၀.၂၀၁၉ | ၇ | ၇ | ၁၄ | ဗမာ ၁<br>ကယန်း ၁၀<br>ရှမ်း ၁<br>ကရင် ၂ | ၁၄ | |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက် ချသည့်အစည်းအဝေး | | | | | | \| | | |
| ၄။ မြို့နယ်အဆင့်စီမံကိန်းရေးဆွဲရေးနှင့်အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်းသုံးသပ်မှုအစည်းအဝေး | | | မလို | မလို | မလို | မလို | | |

## ၁၀။ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (ပုံစံ-၃)

ပုံစံ - ၈ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

လမ်းညွှန်ချက်။ အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြု ကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။

လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် - ဒေါ်နန်း ဆာနွယ်ဝေ

နေ့စွဲ - ၉.၁.၂၀၁၇ | စက်ဝန်းအား အမှတ်ခြစ်ပါ (√) □ စက်ဝန်း(၁) □ စက်ဝန်း(၂) □ စက်ဝန်း(၃) □ စက်ဝန်း(၄)

ပြည်နယ်/တိုင်း ကယား | မြို့နယ် ဖားဆောင်း | ကျေးရွာအုပ်စု ဝမ်ဆောင်း | ကျေးရွာ ဆုပ်ဖ

က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | အမျိုးသမီး အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ | |
|---|---|---|---|
| ၁ | ရေရရှိရန် တောင်ပေါ်သို့တက်ယူရသောကြောင့် ရေခက်ခဲ | ၁ | ရေကပ်ပိုက်ရေး လုပ်ငန်း တစ်ခုသာရှိ၍ စားဝတ်နေရေးခက်ခဲ |
| ၂ | ကျောင်းမရှိသော ကြောင့် ပညာရေး ခက်ခဲ | ၂ | မြေသားလမ်းဖြစ်သောကြောင့် မိုးရာသီတွင်သွားလာရခက်ခဲ |
| ၃ | မြေသားလမ်းဖြစ်သောကြောင့် မိုးရာသီတွင်သွားလာရခက်ခဲ | ၃ | ကျောင်းမရှိသောကြောင့် ပညာရေးခက်ခဲ |
| ၄ | လျှပ်စစ်မီးမရှိသောကြောင့် မီးအခက်အခဲဖြစ် | ၄ | ဆေးခန်းမရှိသောကြောင့် ကျန်းမာရေး လက်လှမ်းမမှီ |
| ၅ | ဆေးခန်းမရှိသောကြောင့် ကျန်းမာရေး လက်လှမ်းမမှီ | ၅ | လျှပ်စစ်မီးမရှိသောကြောင့် မီးအခက်အခဲဖြစ် |

ခ။ မျှော်မှန်းခြင်း - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | |
|---|---|---|---|
| ၁ | ရေလှောင်ကန်ရှိခြင်းအားဖြင့် ရေခပ်ရ သက်သာခြင်း | ၁ | ကျောင်းများရှိလာခြင်းဖြင့် ကလေးများပညာရေးတိုးတက် |
| ၂ | ကျောင်းများရှိလာခြင်းဖြင့် ကလေးများပညာရေးတိုးတက် | ၂ | လျှပ်စစ်မီး မရှိသောကြောင့် မီးရရှိလိုခြင်း |
| ၃ | ကျန်းမာရေး ဆေးပေးခန်းများ နှင့် ကျန်းမာရေးဝန်ထမ်းရှိ | ၃ | လမ်းပန်းဆက်သွယ်ရေး မကောင်းသောကြောင့် လမ်းရရှိလိုခြင်း |
| ၄ | သွားလာရခက်ခဲသောကြောင့် ကျောက်စရာလမ်းရရှိခြင်း | ၄ | ကျန်းမာရေးဆေးပေးခန်းများ၊ ကျန်းမာရေးဝန်ထမ်းရှိ |
| ၅ | လျှပ်စစ်မီး မရှိသောကြောင့် မီးရရှိလိုခြင်း | ၅ | ရေလှောင်ကန်ရှိခြင်းအားဖြင့် ရေခပ်ရသက်သာခြင်း |

ဂ။ မူလစီမံကိန်း၏ လာမည့် ( ၄) နှစ်အတွက် အကျိုးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျစရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေအတွက် |
|---|---|---|---|---|
| ၁ | ရေလှောင်ကန် တည်ဆောက်ခြင်းလုပ်ငန်း | ကျ + မ | | |
| ၂ | လမ်းပြုပြင်ခြင်းလုပ်ငန်း | ကျ + မ | | |
| ၃ | စာသင်ကျောင်း တည်ဆောက်ခြင်းလုပ်ငန်း | ကျ + မ | | |
| ၄ | ကျေးရွာဆေးပေးခန်း တည်ဆောက်ခြင်း | ကျ + မ | | |
| ၅ | အသေးစား ရေအား လျှပ်စစ်လုပ်ငန်း | ကျ + မ | | |

ယ။ လူထုစီမံကိန်း၏ လာမည့် ( ၄) နှစ်အတွက် အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖေါ်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုး တိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| | | | |
| | | | |
| | | | |
| | | | |
| | | | |
| | | | |
| | | | |
| | | | |
| | | | |
| | | | |
| | | | |

ခေါင်းဆောင်၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှ အတည်ပြုသည်။

အမည် ---[illegible]----- လက်မှတ် ---[illegible]---------- နေ့စွဲ---2.2.2017----------

## ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

| |
|---|
